nystateofhealth™
The Official Health Plan Marketplace

အချက်အလက်စာရွက်



လျှပ်တပြက်အချက်အလက်များ

# ကျန်းမာရေးအစီအစဉ်မည်သို့ရွေးချယ်ရမည်ဖြစ်ကြောင်းနားလည်ခြင်း

ဤအချက်အလက်စာရွက်မှ အကြံပြုချက်များသည် သင့်အတွက် အရေးကြီးသည့် အချက်များအပေါ် မူတည်၍ ကျန်းမာရေးအစီအစဉ် ရွေးချယ်ရာတွင် အကူအညီပေးမည်ဖြစ်သည်။

## ကျန်းမာရေးအစီအစဉ်ကိုသင်ရွေးချယ်ရာတွင် သိထားသင့်သော အချက်ဖြချက်မှာ

### 1 အာမခံသွင်းငွေများ

ဈေးကွက်မှသင်နှင့်သင့်လျော်သော ငွေရေးကြေးရေး ဆိုင်ရာအကူအညီရယူလက်ခံပြီးချိန်တွင် ကျန်းမာရေးအစီအစဉ်အတွက် သင်ပေးရသော လစဉ်ပေးငွေဖြစ်သည်။ သင်ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုကို အသုံးပြုသည်ဖြစ်စေ အသုံးမပြုသည်ဖြစ်စေ၊ ဤသည် ကို လစဉ်ငွေပေးသွင်း ရမည်ဖြစ်သည်။ ပုံမှန်အားဖြင့် အာမခံသွင်းငွေ ပိုမိုများသည့်အလျောက် ဝန်ဆောင်မှုများသင်လက်ခံရရှိချိန်တိုင်းတွင် သင့်အိပ်ကပ်ထဲမှ စိုက်ထုတ်ရသည့်ငွေ ပိုမို လျော့နည်းသွားမည်ဖြစ်သည်။

### 2 အိပ်ကပ်ထဲမှစိုက်ထုတ်ရသည့် ကုန်ကျစရိတ်ငွေ များ

ဤသည်မှာ သင့်အနေနှင့်ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှု ကိုရယူ လျှင် ပေးသွင်းရသော ကုန်ကျစရိတ်များဖြစ်သည်။ ကုန်ကျစရိတ် ဥပမာများမှာ

- •အာမခံအတွက် အနှုတ်ခံရနိုင်သည့်ငွေ - ဤသည်ကို ပထမ ဦးစွာ ပေးရမည်။ ဤသည်မှာ သင်၏ကျန်းမာရေးအစီအစဉ်မှ ဝန်ဆောင်မှုများအတွက် ပေးဆောင်ခြင်းမပြုမီ သင့်အနေနှင့် ဦးစွာပေးရမည့်ပမာဏဖြစ်သည်။ အချို့အစီအစဉ်များတွင် အာမခံအတွက် အနှုတ်ခံရနိုင်သည့်ငွေ မရှိပါ။
- ပူးတွဲပေးချေခြင်း- သင့်အနေနှင့် ဆရာဝန်ထံသွားရောက်ပြသခြင်း၊ ဆေးဝါးကုန်ကျစရိတ်မှားနှင့် အခြားသော ဝန်ဆောင်မှုများအတွက် သတ်မှတ်ထားသည့် ပမာဏကို ပေးဆောင်ရမည်ဖြစ်ပြီး လက်ကျန်ကို ကျန်းမာရေးအစီအစဉ်မှ ပေးဆောင်မည်ဖြစ်သည်။
- ပူးတွဲအာမခံ - သင့်အနေနှင့်ကုန်ကျစရိတ်၏ တစ် ရာခိုင်နှုန်းကိုပေးဆောင်ရမည်ဖြစ်ပြီး ကျန်းမာရေးအစီအစဉ်မှ လက်ကျန်ကို ပေးဆောင်မည်ဖြစ်သည်။ ကျန်းမာရေးအစီအစဉ်များတိုင်းတွင် ပူးတွဲအာမခံမရှိပါ။
- အိတ်ကပ်ထဲမှအများဆုံးစိုက်ထုတ်ပေးရငွေ – တစ်နှစ်အတွင်း အများဆုံးသင်ပေးဆောင်ရမည့်ပမာဏဖြစ်ပြီး အလွန်အရေးကြီးပါသည်။ ဈေးကွက်ကျန်းမာရေးအစီအစဉ်များအားလုံးတွင် အိပ်ကပ်ထဲမှအများဆုံးစိုက်ထုတ်ပေးရငွေပါရှိသည်။

### 3 သတ္တုအဆင့် ၄ ဆင့်

အစီအစဉ်များကို သတ္တုအဆင့် ၄ ဆင့်အနေနှင့်ခွဲဝေစီမံထားပါသည်။ ဤသတ္တုအဆင့်များမှ သင မည်မျှပေးဆောင်ရမည်ကို သိရှိနိုင်ပါသည်။

| သတ္တုအဆင့်များ | အာမခံသွင်းငွေများ | အိပ်ကပ်ထဲမှစိုက်ထုတ်ရသည့် အကုန်အကျစရိတ်များ |
|---|---|---|
| ပလက်တီနမ် အစီအစဉ်များ | အမြင့်ဆုံး | အနိမ့်ဆုံး |
| ရွှေ အစီအစဉ်များ | ပိုမိုမြင့်သော | ပို၍နိမ့်သော |
| *ငွေ အစီအစဉ်များ | အတော်အသင့် | အတော်အသင့် |
| ကြေးအစီအစဉ်များ | အနိမ့်ဆုံး | အမြင့်ဆုံး |

*ပို၍နည်းသည့် အိပ်ကပ်ထဲမှစိုက်ထုတ်ရသည့် ကုန်ကျစရိတ်ငွေအတွက် ငွေရေးကြေးရေး အကူအညီရရှိနိုင်သောကြောင့် ငွေအဆင့်သည် ၎င်းတို့၏ ဝင်ငွေအပေါ်တွင်မူတည်ပြီး လူအချို့အတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်နိုင်သည်။

အွန်လိုင်းမှ **nystateofhealth.ny.gov** ဆက်သွယ်နိုင်သည်။

ဖုန်းမှ **1-855-355-5777** ဖြင့် ဖုန်းမှဆက်သွယ်နိုင်သည်။

**TTY**
**1-800-662-1220**

ထပ်မံ၍ >

nystateofhealth™
The Official Health Plan Marketplace

## 4 ငွေစာရင်းရှင်းပေးသည့် ဝန်ဆောင်မှုများ

သင့်အနေနှင့် ဝန်ဆောင်မှုအပိုရယူလိုမှုရှိမရှိစဉ်းစားပါ။ "ပုံမှန်အစီအစဉ်များ" သည် တူညီသော ဝန်ဆောင်မှု ၁၀ခုအတွက် ငွေစာရင်းရှင်းပေးပြီး အိပ်ကပ်ထဲမှစိုက်ထုတ်ပေးရသည့် ကုန်ကျစရိတ်များသည် အတူတူပင်ဖြစ်သည်။ ကုမ္ပဏီအမျိုးမျိုးမှပေးကမ်းသော "ပုံမှန်အစီအစဉ်များ" ၏မတူညီသည့်အချက်သည် ပံ့ပိုးပေးသူကွန်ရက်၊ ဆေးဝါးပြဋ္ဌာန်းချက် နှင့် အာမခံဖြစ်သည်။ "ပုံမှန်မဟုတ်သည့် အစီအစဉ်များ" သည် တစ်ခါတစ်ရံတွင် လူကြီးများအတွက် သွားဘက်ဆိုင်ရာနှင့် မျက်စိ ဆိုင်ရာ စောင့်ရှောက်မှုများကဲ့သို့ အပိုဝန်ဆောင်မှုများအတွက် ငွေစာရင်းရှင်းပေးသည်။

## 5 ကွန်ရက်မှ ဆရာဝန်များ

ကျန်းမာရေး အစီအစဉ်တိုင်းသည် သတ်မှတ်ထားသော ဆရာဝန် နှင့် ဆေးရုံများဖြင့် စာချုပ်ချုပ်ထားသည်။ ကွန်ရက်ပြင်ပမှ ဆရာဝန်နှင့် ဆေးရုံများထံသွားရောက်ခြင်းသည် ကုန်ကျစရိတ်ကို ပိုမိုများစေနိုင်သည်။ ကွန်ရက်ထဲတွင် သင်၏ဆရာဝန်များရှိမရှိစစ်ဆေးပါ။

## 6 ဆေးဝါးပြဋ္ဌာန်းချက်

သင်ရယူသော ဆေးဝါးများအတွက် ငွေစာရင်းရှင်းပေးမှုရှိမရှိ နှင့် ဆေးညွှန်းဖြည့်ချိန်တိုင်းအတွက် သင်မည်မျှပေးရသည်ကို ကြည့်ရန် ကျန်းမာရေးအစီအစဉ်၏ ဆေးဝါးပြဋ္ဌာန်းချက် သို့မဟုတ် ငွေစာရင်းရှင်းထားပေးသော ဆေးဝါးစာရင်းကို စစ်ဆေးပါ။

**နောက်လာမည့်လ၏ ၁ ရက်နေ့တွင်စသော ငွေစာရင်းရှင်းပေး မှုအတွက် လ၏ ၁၅ရက်ပိုင်းတွင် ကျန်းမာရေးအစီအစဉ်တစ်ခု ကို ရွေးချယ်ပါ။ လူအများစုအနေနှင့် နှစ်စဉ် အမည်စာရင်းပေးသွင်းသည့်အချိန်အတွင်း အမည်စာရင်းပေးသွင်းရမည်ကို မမေ့ပါနှင့်။**

အွန်လိုင်း မှ
**nystateofhealth.ny.gov**
ဖြင့် အွန်လိုင်းမှဆက်သွယ်ပါ။

ဖုန်း မှ
**1-855-355-5777**
ဖြင့် ဖုန်းမှဆက်သွယ်ပါ။

**TTY**
**1-800-662-1220**